# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

<u>ကြေညာချက် (၆/၂၀၂၂)</u>

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် (လုပ်ငန်းသစ်/ သက်တမ်းတိုး) လျှောက်ထားခြင်းများအား (၂၁-၆-၂၀၂၂) ရက်နေ့စ၍ Online E- Submission System ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး Online E- Submission စတင်အသုံးပြုချိန်မှစ၍ ဓာတ်ခွဲစစ်ဆေးခများအား ကြေညာချက် (၅/ ၂၀၂၂) အရ ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း (၃-၆-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားရာတွင် Online E- Submission မစတင်မီ Manual စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ နမူနာပေးပို့စစ်ဆေးခြင်းများအား ကြေညာချက် (၅/ ၂၀၂၂) အရ ပြောင်းလဲသတ်မှတ်ခဲ့သော ဓာတ်ခွဲစစ်ဆေးခနှုန်းထားများအတိုင်း (၁-၈-၂၀၂၂) ရက်နေ့မှစ၍ အားလုံးတစ်ပြေးညီ ကောက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ပါမောက္ခဒေါက်တာခင်ဇော်)

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ အစဆ/၂(စသပ)ထွေ-၃/၂၀၂၂/ ၀၂၄

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ( ၁၃ )ရက်

ဖြန့်ဝေခြင်း-

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၃။ ညွှန်ကြားရေးမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ (ရန်ကုန်/မန္တလေး)၊

၄။ တိုင်းဒေသကြီး/ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးများ၊

--------------------- တိုင်းဒေသကြီး/ ပြည်နယ်၊ ------------------- မြို့၊

၅။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ကြော်ငြာသင်ပုန်းများ။